# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 11 , 2024 Volume 77, Number 9


၁၁.၄.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၅၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၆၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၆.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၁.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၆.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၉.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၁၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၈၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၂.၃၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၃၂၂ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေးဂလေးဇီးယပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ၂၀၂၄ ခုနှစ် ဧပြီလ ၁၀ ရက် နံနက် ၈ နာရီအချိန်တွင် ဥရောပအာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေးဂလေးဇီးယပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရုံးအမှတ်-၃၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ-၁ ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံမှ အဓိကပို့ကုန်များဖြစ်သည့် ချုပ်ပြီးအထည်များ၊ ဖိနပ်၊ အိတ်အစရှိသည့် CMP ထုတ်ကုန်များအပြင် စိုက်ပျိုးရေးထွက်ကုန်များအား ဥရောပအာရှနိုင်ငံများသို့ တိုးမြှင့်တင်ပို့သွားနိုင်ရေး၊ အပြန်အလှန်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုအလားအလာများအားဖော်ထုတ်ပြီး နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေးတို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm

## အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ အစည်းအဝေးကျင်းပခြင်း

အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ၏ ၂/၂၀၂၄ ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၄ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃)၊ နေပြည်တော်တွင် ကျင်းပခဲ့သည်။ အစည်းအဝေးသို့ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန-၂ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့်ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ ကဏ္ဍအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိကပို့ကုန်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ ဒုတိယအဆင့်ဖြစ်သော ၂၀၂၀-၂၀၂၅ ကာလအတွက် ကဏ္ဍ (၁၈) ခုကို ထိရောက်စွာ အကောင်အထည်ဖော်ရန် အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီက ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ကဏ္ဍအလိုက်ဖွဲ့စည်းထားသည့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ကျစ်လျစ်စွာပြန်လည်ဖွဲ့စည်းရေး၊ ကဏ္ဍအလိုက်လုပ်ငန်းစီမံချက်များအနက် လက်တွေ့လျင်မြန်စွာ အကျိုးဖြစ်ထွန်းနိုင်မည့်လုပ်ငန်းစဉ်များ (Quick Win) ရွေးချယ်ဆောင်ရွက်နိုင်ရေးတို့ကို ဦးစွာဆောင်ရွက်ထားရှိပြီး အကောင်အထည်ဖော်ကြရမှာဖြစ်ကြောင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်မည့်လုပ်ငန်းများက ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးကို အချိန်တိုအတွင်း အထောက်အကူပြုနိုင်မည့် လုပ်ငန်းများဖြစ်ရန်လည်းလိုအပ်ပါကြောင်း၊ အထောက်အကူပြုကဏ္ဍများ၏ ပံ့ပိုးပေးနိုင်မှုများကလည်း ပို့ကုန်တင်ပို့မှု လွယ်ကူချောမွေ့စေရေးအတွက် လွန်စွာအရေးပါသည့်လုပ်ငန်းစဉ်များဖြစ်သဖြင့် ဟန်ချက်ညီစွာ ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ကော်မတီတွဲဖက်အတွင်းရေးမှူး-၁ ဖြစ်သူ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က အမျိုးသားပို့ကုန်မဟာဗျူဟာ ကဏ္ဍအလိုက်ကော်မတီများ ပြန်လည်ဖွဲ့စည်းမှုပိုင်းနှင့်လုပ်ငန်းစီမံချက်များ ပြင်ဆင်ရေးဆွဲမှုများကို အကျဉ်းချုပ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကဏ္ဍအလိုက်ကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍများအလိုက် ကော်မတီများပြန်လည်ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းစီမံချက်များ ပြင်ဆင်ရေးဆွဲဆောင်ရွက်ထားမှုများ၊ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ ရွေးချယ်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီအဖွဲ့ဝင်များက ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ပို့ကုန်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့သည်။

**Source:** https://myantrade.gov.mm/article/Nay%20Pyi%20Taw%20STP_10.4.2024%208:01%20PM

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်းများ ယခင်အပတ်နှင့်ယခုအပတ် နှိုင်းယှဉ်မှုအခြေအနေ

ဧပြီလ ဒုတိယပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသည့် လယ်ယာထွက်ကုန်သီးနှံများဖြစ်သော မတ်ပဲ၊ ပဲတီစိမ်းသေး၊ ပဲလွန်းပြာ၊ ပဲနီလုံးရိုးရိုး၊ ပြောင်းနီဈေးငြိမ်၍ ဂျုံဖြူသန့်၊ ဂျုံထွက်တိုး၊ ပဲကြီး၊ ပဲနီလုံးကြား၊ ပုဂံပဲ၊ ပဲယင်းဝါ၊ ဈေးအနည်းငယ်ကျဆင်းနေပြီး ပဲစင်းငုံ၊ ပြောင်းဖူးစေ့၊ ကုလားပဲဖြူလုံးကြီး၊ ကုလားပဲဖြူလုံးသေး၊ ကုလားပဲ 929 ဈေးနှုန်းများ မြင့်တက်နေကြောင်းသိရသည်။ယခုတစ်ပတ်အတွင်း သီးနှံတစ်တင်းပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် ၅၀,၀၀၀ ကျပ်၊ ဂျုံထွက်တိုး ၄၀,၀၀၀ ကျပ်၊ ပဲကြီး ၈၃,၀၀၀-၈၆,၀၀၀ ကျပ်၊ မတ်ပဲ ၉၀,၀၀၀ ကျပ်၊ ပဲတီစိမ်းသေး ၄၈,၀၀၀-၅၀,၀၀၀ကျပ်၊ ပဲစင်းငုံ ၁၂၄,၅၀၀ ကျပ်၊ ပဲနီလုံးရိုးရိုး ၄၅,၀၀၀-၄၆,၀၀၀ ကျပ်၊ ပဲနီလုံးကြား ၅၁,၀၀၀ ကျပ်၊ ပဲယင်းဝါ ၄၁,၀၀၀-၄၃,၀၀၀ ကျပ်၊ ပုဂံပဲ ၈၇၀၀၀ ကျပ်၊ CP ပြောင်းဖူးစေ့ ၁၅၀၀၀ကျပ်၊ ပြောင်းနီ ၂၂၀၀၀ကျပ်၊ ကုလားပဲဖြူလုံးကြီး ၈၂၅၀၀ကျပ်၊ ကုလားပဲဖြူလုံးသေး ၈၄၅၀၀ ကျပ်၊ ကုလားပဲ 929 ၈၀၀၀၀ ကျပ်၊ ပဲလွန်းပြာ ၅၇၀၀၀ကျပ် ပေါက်ဈေးရှိကြောင်းသိရသည်။

ယခင်အပတ် ကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် ၅၀,၀၀၀-၅၂,၀၀၀ ကျပ်၊ ဂျုံထွက်တိုး ၄၂,၀၀၀ ကျပ်၊ ပဲကြီး ၈၆,၀၀၀-၈၉,၀၀၀ ကျပ်၊ မတ်ပဲ (၉၀,၀၀၀)ကျပ်၊ ပဲတီစိမ်းသေး (၄၈,၀၀၀) ကျပ်၊ ပဲစင်းငုံ (၁၂၀,၀၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၄၆,၀၀၀) ကျပ်၊ ပဲနီလုံးကြား (၅၂,၀၀၀) ကျပ်၊ ပဲယင်းဝါ (၄၃,၀၀၀-၄၅,၀၀၀)ကျပ်၊ ပုဂံပဲ (၉၀,၀၀၀)ကျပ်၊ CP ပြောင်းဖူးစေ့ (၁၄,၇၀၀)ကျပ်၊ ပြောင်းနီ (၂၂,၀၀၀) ကျပ်၊ ကုလားပဲဖြူ လုံးကြီး (၇၉,၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး (၈၀,၅၀၀)ကျပ်၊ ကုလားပဲ 929 (၇၇,၀၀၀) ကျပ်၊ ပဲလွန်းပြာ (၅၇,၀၀၀)ကျပ် ပေါက်ဈေးရှိ၍ ယခုတစ်ပတ်အတွင်း ကာလတူနှိုင်းယှဉ်ပါက ပဲစင်းငုံ တစ်တင်းလျှင် (၄,၅၀၀) ကျပ်၊ CP ပြောင်းဖူးစေ့ တစ်တင်းလျှင် (၃၀၀) ကျပ်၊ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင်(၃,၅၀၀) ကျပ်၊ ကုလားပဲဖြူလုံးသေး တစ်တင်းလျှင် (၄၀၀၀)ကျပ်၊ ကုလားပဲ 929 (၃၀၀၀) ကျပ်နှုန်း မြင့်တက်နေပြီး ဂျုံဖြူသန့် တစ်တင်းလျှင် (၂၀၀၀)ကျပ်၊ ဂျုံထွက်တိုး တစ်တင်း (၂၀၀၀)ကျပ်၊ ပဲကြီး တစ်တင်းလျှင် (၃၀၀၀) ကျပ်၊ ပဲနီလုံးကြား တစ်တင်းလျှင် (၁၀၀၀) ကျပ်၊ ပဲယင်းဝါ တစ်တင်းလျှင် (၂၀၀၀)ကျပ်၊ ပုဂံပဲ တစ်တင်းလျှင် (၃၀၀၀)ကျပ်နှုန်း ကျဆင်းနေကြောင်းသိရသည်။

Source: https://myantrade.gov.mm/article/Monywa_%20%2010042024_1559

## အယ်နီညိုရာသီဥတု၏သက်ရောက်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ အုန်းဆီ (Coconut Oil) တင်ပို့မှု သိသိသာသာလျော့ကျ

အယ်နီညိုရာသီဥတု၏ သက်ရောက်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ အုန်းဆီတင်ပို့မှုလျော့ကျခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မက်ထရစ်တန် ၉၀၀,၀၀၀ ထိသာရှိနိုင်ကြောင်း နိုင်ငံတကာအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။ ပိုမိုခြောက်သွေ့သည့် ရာသီဥတုအခြေအနေသည် အုန်းသီးမှထုတ်လုပ်သည့်ပစ္စည်းများ အထွက်နှုန်းအား ကျဆင်းစေခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်အခြေစိုက် အမေရိကန်စိုက်ပျိုးရေးဌာနမှ ပြောကြားခဲ့သည်။

အုန်းသီးထွက်ရှိမှုနည်း၍ ရောင်းချနိုင်မှုကျဆင်းခဲ့ခြင်းကြောင့် အုန်းဆီထုတ်လုပ်မှုကျဆင်းခဲ့ပါကြောင်း၊ ထို့အတွက် ဖိလစ်ပိုင်နိုင်ငံ၏ အဓိကထုတ်ကုန်တင်ပို့သည့် ကုန်ပစ္စည်းတစ်ခုဖြစ်သည့် အုန်းဆီတင်ပို့မှုအားကျဆင်းစေပါကြောင်း၊ ခန့်မှန်းတွက်ချက်မှုများအရ ဖိလစ်ပိုင်နိုင်ငံ၏ အုန်းဆီတင်ပို့မှုသည် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၁ ဒသမ ၁၄ သန်း တင်ပို့ခဲ့ရာမှ ၂၀ ရာခိုင်နှုန်းထိကျဆင်းနိုင်ပြီး မက်ထရစ်တန်ချိန် ၉၀၀,၀၀၀ ထိ ကျဆင်းသွားနိုင်ကြောင်း ဖော်ပြထားသည်။

အစိုးရနှင့်အုန်းသီးကဏ္ဍ၏ ထုတ်ပြန်သည့်စာရင်းဇယားများအရ အုန်းသီးစိုက်ပျိုးထုတ်လုပ်နေသည့် ဖိလစ်ပိုင်နိုင်ငံ၏ ဒေသ ၄၆ ခုခန့်သည် အယ်နီညိုရာသီဥတု၏ သက်ရောက်မှုကြောင့် ထိခိုက်ခဲ့ရပါကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် နိုင်ငံတစ်ဝှမ်းရှိ ဒေသ (၁၀) ခုမှ အုန်းဆီထုတ်လုပ်သည့်စက်ရုံ (၆၂) ခု ထုတ်လုပ်နိုင်စွမ်းအား မက်ထရစ်တန် ၃ ဒသမ ၆၈၅ သန်း အပေါ်သက်ရောက်မှုများရှိခဲ့ပါသည်။ ခြောက်သွေ့သည့် ရာသီဥတုအခြေအနေကြောင့် အုန်းစိုက်ပျိုးသည့်ဧရိယာများအား သက်ရောက်စေခဲ့ပြီး အထွက်နှုန်းကျဆင်းခဲ့ပါကြောင်း ဖော်ပြပါသည်။

အီးယူမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းဥပဒေများ တင်းကြပ်လာမှုကြောင့်လည်း တင်ပို့မှုများကျဆင်းခဲ့ပါကြောင်း၊ ပြည်တွင်းအုန်းဆီစက်ရုံများမှာလည်း အီးယူသို့တင်ပို့ရာတွင် သတ်မှတ်ထားသည့် စံချိန်/စံညွှန်းများနှင့်အညီဖြစ်စေရေး ထုတ်လုပ်နေရခြင်းကြောင့် ကနဦးအခက်အခဲများနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ အီးယူ၏လိုအပ်ချက်မှာ lower mineral oil saturated hydrocarbons (MOSH) နှင့် mineral aromatic hydrocarbons (MOAH) ရှိစေရန်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဖိလစ်ပိုင်နိုင်ငံသည် အုန်းဆီ (coconut oil) ထုတ်လုပ်တင်ပို့သည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်သည်။

**Source; https://www.philstar.com/business/2024/04/10/2346489/el-nio-slash-coconut-oil-exports**

**(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

https://myantrade.gov.mm/article/Naypyitawstp_100420240330

## ရွှေဘိုဈေးကွက်သို့ ကုလားပဲ(V2)များ စတင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုဈေးကွက်သို့ ကုလားပဲ(V2)သီးနှံများ မတ်လ(ဒုတိယပတ်)မှစတင်၍ ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းအနေဖြင့် ကုလားပဲ(V2) တစ်တင်းလျှင် ၇၈,၀၀၀ ကျပ် ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ (၉၀၀)တင်း၊ တန်အားဖြင့် (၂၅)တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခင်နှစ်ကာလတူနှင့် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများနှိုင်းယှဉ်ပါက ယခင်နှစ်၌ ကုလားပဲ(V2) တစ်တင်းလျှင် ၆၇၃၀၀ ကျပ်သာ ပေါက်ဈေးရှိခဲ့သဖြင့် ယခုနှစ်တွင် ယခင်နှစ်ထက် တစ်တင်းလျှင် ၁၀၇၀၀ ကျပ် ဈေးနှုန်းပိုမိုရရှိခဲ့ပြီး ဝင်ရောက်သည့်ကုလားပဲ(V2)များအားလုံး ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**DOCA(စစ်ကိုင်း)**

https://www.commerce.gov.mm/my/article

## ကော်ဖီ၊ ဆန်နှင့် သစ်သီးဝလံများ တိုးမြှင့်တင်ပို့ခဲ့မှုကြောင့် ဗီယက်နမ်နိုင်ငံ၏ လယ်ယာကုန်သွယ်မှု ပိုငွေသည် ပထမ ၃ လပတ်အတွင်း နှစ်ဆနီးပါး မြင့်တက်လာခဲ့

ကော်ဖီ၊ ဆန်နှင့်သစ်သီးဝလံများကဲ့သို့ အဓိကထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ခြင်းကြောင့် ဗီယက်နမ်၏ လယ်ယာ စိုက်ပျိုးရေး၊ သစ်တောထွက်နှင့်ရေထွက်လုပ်ငန်းကဏ္ဍများတွင် ယမန်နှစ်အလားတူကာလထက် နှစ်ဆနီးပါးကုန်သွယ်မှုပိုငွေ ရရှိခဲ့သည်။

စိုက်ပျိုးရေး၊ သစ်တောနှင့်ရေထွက်ကုန်တင်ပို့မှု စုစုပေါင်းမှာ ဒေါ်လာ ၁၃ ဒသမ ၅၃ ဘီလီယံရှိပြီး ယမန်နှစ် အလားတူ ကာလထက် ၂၁ ဒသမ ၈ ရာခိုင်နှုန်းတိုးမြှင့်လာကာ တင်သွင်းမှုတွင် ဒေါ်လာ ၁၀ ဒသမ ၁၈ ဘီလီယံရှိသဖြင့် ကုန်သွယ်မှုပိုငွေ ဒေါ်လာ ၃ ဒသမ ၃၆ ဘီလီယံရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန နောက်ဆုံးစာရင်း ကိန်းဂဏန်းများ ဖော်ပြချက်အရ သိရသည်။

ပို့ကုန်တန်ဖိုး ဒေါ်လာ ၁ ဘီလီယံကျော်သည့် အဓိကပို့ကုန်လေးခုမှာ သစ်(ဒေါ်လာ ၂ ဒသမ ၃၂ ဘီလီယံ)၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် (ဒေါ်လာ ၁ ဒသမ ၂၃ ဘီလီယံ)၊ ဆန်(ဒေါ်လာ ၁ ဒသမ ၃၇ ဘီလီယံ)နှင့် ကော်ဖီ (ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ)တို့ဖြစ်သည်။ အဓိကလယ်ယာထွက်ကုန်များ၏ ပျမ်းမျှပို့ကုန်ဈေးနှုန်းများတက်လာပြီး ဆန်တစ်တန်လျှင် ၆၆၁ ဒေါ်လာ (၅ ရာခိုင်နှုန်း) ၊ ကော်ဖီတစ်တန်လျှင် ၂၃၇၃ ဒေါ်လာ(၆ ဒသမ ၈%)၊ ရော်ဘာတစ်တန်လျှင် ဒေါ်လာ ၁၄၆၂ (၅ ဒသမ ၁ ရာခိုင်နှုန်း)နှင့် ငရုတ်ကောင်းတစ်တန်လျှင် ဒေါ်လာ ၄ ဒသမ ၁၅၃ (၃၅ ဒသမ ၆ ရာခိုင်နှုန်း)ဖြစ်ခဲ့သည်။

သို့သော် ကုန်စည်အချို့မှာ ပို့ကုန်ဈေးနှုန်းကျဆင်းခဲ့ပြီး သီဟိုဠ်စေ့တစ်တန်လျှင် ဒေါ်လာ ၅၃၂၉ (၈ ဒသမ ၆ ရာခိုင်နှုန်း)၊ လက်ဖက်ခြောက် တစ်တန်လျှင် ၁၆၁၆ ဒေါ်လာ( ၂ ဒသမ ၂ ရာခိုင်နှုန်း) နှင့် ခတ်မြေသြဇာတစ်တန်လျှင် ဒေါ်လာ ၄၁၂ (၉ ဒသမ ၁ ရာခိုင်နှုန်း)ရှိခဲ့သည်။

ဗီယက်နမ်ပို့ကုန်တန်ဖိုး စုစုပေါင်း၏ ၂၀ ဒသမ ၂ ရာခိုင်နှုန်းတင်ပို့ရသည့် တရုတ်နိုင်ငံသည် အဓိကပို့ကုန်ဈေးကွက်ဖြစ်ပြီး တင်ပို့မှုသည် ၁၈ ဒသမ ၃ ရာခိုင်နှုန်း ထပ်မံတိုးမြှင့်လာနိုင်ကြောင်း၊ ၎င်းနောက်တွင် ၁၉ ဒသမ ၉ ရာခိုင်နှုန်းတင်ပို့ရသည့် အမေရိကန်က ဒုတိယနှင့် တင်ပို့မှုသည် ၂၈ ဒသမ ၃ ရာခိုင်နှုန်း ထပ်မံတိုးတက်နိုင်ကြောင်း၊ ဂျပန်နိုင်ငံသည် နိုင်ငံ့ပို့ကုန်တန်ဖိုး၏ ၇ ရာခိုင်နှုန်းတင်ပို့ရပြီး၊ တင်ပို့မှု ၄ ဒသမ ၆ ရာခိုင်နှုန်း ထပ်မံတိုးတက်နိုင်ကြောင်း တွေ့ရသည်။

**ကော်ဖီတင်ပို့မှု တစ်ရှိန်ထိုး တိုးတက်လာခြင်း**

ကော်ဖီသည် ယခုနှစ် ပထမသုံးလပတ်တွင် တိုးတက်မှုအားအကောင်းဆုံးသော ထုတ်ကုန်ဖြစ်ပါသည်။ ပထမ သုံးလပတ်တွင် ကော်ဖီတန်ချိန် ၇၉၉,၀၀၀၊ တန်ဖိုးဒေါ်လာ ၁ ဒသမ ၉ ဘီလီယံထိ တင်ပို့နိုင်ခဲ့ပြီး ယမန်နှစ်ကာလတူထက် ပမာဏတွင် ၄၄ ဒသမ ၄၅ ရာခိုင်နှုန်းနှင့် တန်ဖိုးတွင် ၅၄ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်လာကာ စံချိန်သစ်တင်ခဲ့သည်။

ဗီယက်နမ်သည် ရှိဘက်စတာနှင့်အာရေဗီးကားကော်ဖီတင်ပို့မှုကို တိုးမြှင့်ခဲ့ပြီး အိပ်စ်ဆယ်ဆာကော်ဖီတင်ပို့မှုကို လျှော့ချခဲ့သည်။ ဗီယက်နမ်ကော်ဖီကို အီတလီ၊ စပိန်၊ ရုရှား၊ အင်ဒိုနီးရှား၊ ဘယ်လ်ဂျီယံ၊ တရုတ်နှင့်ဖိလစ်ပိုင်နိုင်ငံအပါအဝင် ဈေးကွက်အများအပြားသို့ တင်ပို့လျက်ရှိသည်။

ကော်ဖီသည် သစ်အချောထည်ပြီးလျှင် ဒုတိယမြောက် အများဆုံးတင်ပို့ရသည့် လယ်ယာထွက်ကုန်ဖြစ်ပြီး ယခုနှစ်တွင် ကော်ဖီတင်ပို့မှုသည် ဒေါ်လာ ၅ ဘီလီယံမှ ၅ ဒသမ ၅ ဘီလီယံအထိ စံချိန်သစ်တင်နိုင်မည်ဟု မျှော်မှန်းထားကြောင်း ဗီယက်နမ်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆန်တင်ပို့မှုသည်လည်း စိတ်ဝင်စားဖွယ် တိုးတက်လာခဲ့**

ပြီးခဲ့သည့်နှစ်ကထက် ၁၂ ရာခိုင်နှုန်း တိုးတက်တင်ပို့ခဲ့သည့် ဆန်ပို့ကုန်ပမာဏ တန် ၂ ဒသမ ၀၇ သန်းနှင့် ၄၀ ရာခိုင်နှုန်း တိုးမြင့်ပြီး ပို့ကုန်တန်ဖိုး ဒေါ်လာ ၁ ဒသမ ၃၇ ဘီလီယံရရှိခဲ့သည့် ဗီယက်နမ်သည် ကမ္ဘာ့ဆန်အများဆုံး တင်ပို့သည့်နိုင်ငံ ၃ နိုင်ငံတွင်ပါဝင်ကာ အိန္ဒိယနှင့်ထိုင်းတို့ပြီးလျှင် ကမ္ဘာ့ဆန်တင်ပို့မှု၏ ၁၅ ရာခိုင်နှုန်းထိ တင်ပို့သောနိုင်ငံဖြစ်သည်။

ဆန်တင်ပို့မှုပိတ်ပင်ထားသော နိုင်ငံအချို့ ရုရှားနိုင်ငံ၏ ပင်လယ်နက်ဆန်စပါးကောက်ပဲသီးနှံအစီအစဉ်မှ နုတ်ထွက်ခြင်းနှင့်ရာသီဥတုဖောက်ပြန်မှုအခြေအနေများကြောင့် အထွက်နှုန်းကျဆင်းခဲ့မှုများသည် ကမ္ဘာ့ဆန်တင်ပို့မှုဈေးကွက်ကို သိသိသာသာ ထိခိုက်စေခဲ့သည်။

အိန္ဒိယ၏ ဆန်တင်ပို့မှုတားမြစ်ခြင်းနှင့်အတူ တရုတ်၊ အင်ဒိုနီးရှားတို့မှ ဝယ်လိုအားတိုးလာခြင်းသည် ဗီယက်နမ်ဆန်တင်ပို့မှုအတွက် အခွင့်အလမ်းများဖန်တီးပေးနေကြောင်း ဝန်ကြီးဌာနကထောက်ပြခဲ့သည်။ ဖိလစ်ပိုင်သည် ဗီယက်နမ်ဆန်အများဆုံးတင်ပို့သည့်ဈေးကွက်ဖြစ်ပြီး ဆန်တင်ပို့မှုစုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းတင်ပို့လျက်ရှိကာ ၎င်းနောက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ အများဆုံးတင်ပို့သည်။

သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုသည် ပထမသုံးလပတ်တွင် ၂၅ ဒသမ ၈ ရာခိုင်နှုန်းအထိမြင့်တက်ပြီး ဒေါ်လာ ၁ ဒသမ ၂၃ ဘီလီယံရရှိခဲ့သည်။ ယခုနှစ် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုသည် ဒေါ်လာ ၆ ဘီလီယံမှ ၆ ဒသမ ၅ ဘီလီယံအထိ စံချိန်သစ်တင်ပို့နိုင်မည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။ တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ လယ်ယာထွက်ကုန်များအတွက် ကြီးမားသောဈေးကွက်တစ်ခုဖြစ်ပြီး ဆေးဖက်ဝင်အပင်များ၊ အုန်းသီး၊ အေးခဲထားသော သစ်သီးများနှင့် ဖရဲသီးများတို့ကို တရုတ်နိုင်ငံသို့တရားဝင် တင်ပို့သွားမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံအတွက် လယ်ယာပို့ကုန်မြှင့်တင်ရန် ကြီးမားသောအခွင့်အလမ်းများ ကျန်ရှိနေသေးပြီး လက်ရှိတွင် ကမ္ဘာ့ပို့ကုန်တင်ပို့မှုတန်ဖိုး၏ ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းသာရှိကြောင်း ဗီယက်နမ်နိုင်ငံဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည်။

**Source: https://vietnamnews.vn/**

https://www.commerce.gov.mm/my/article/update-news-international-trade/

## အိန္ဒိယနိုင်ငံမှ ပြည်ပသို့ကုန်စည်တင်ပို့မှု ပြန်လည်ပိုမိုခွင့်ပြုလာသည့်အတွက် ယူအေအီးနိုင်ငံတွင် ကြက်သွန်နီဈေးနှုန်းများကျဆင်းသွား

ကမ္ဘာ့အကြီးဆုံး ကြက်သွန်နီတင်ပို့သည့် နိုင်ငံများအနက် အိန္ဒိယနိုင်ငံသည် ပြည်တွင်းဈေးကွက်ဝေစု များပြားလာခြင်းကြောင့် ကုန်စည်တင်ပို့မှုကို ပိတ်ပင်ထားခဲ့သော်လည်း ယခုအခါတွင် ကြက်သွန်နီတန်ချိန် ၁၀,၀၀၀ ကို ယူအေအီးနိုင်ငံသို့ တင်ပို့ရန်ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါထုတ်ပြန်ချက်သည် ကြက်သွန်နီ၊ အခြားဟင်းသီးဟင်းရွက်များနှင့် အမွှေးအကြိုင်များစသည့် ကုန်ပစ္စည်းများအား ဝယ်ယူလိုသည့် ဈေးကွက်တောင်းဆိုမှုများပြားသော ရှေ့လာမည့်အပတ် Eid Al Fitr(အစ်နေ့)မတိုင်မီ ရက်အနည်းငယ်အကြာက ကြေညာခဲ့ခြင်းဖြစ်သည်။

ယူအေအီးနိုင်ငံရှိ ကြက်သွန်နီဈေးနှုန်းများသည် အလွန်များပြားနေပြီး တစ်ကီလိုဂရမ်လျှင် AED ၇ သို့ ရောက်ရှိခဲ့သည်။ ဈေးဝယ်စင်တာကြီးများတွင် ပုံမှန်အားဖြင့် ကြက်သွန်နီများကို တစ်ကီလိုဂရမ်လျှင် AED ၂ နှင့် AED ၃ အကြား ရောင်းချလေ့ရှိကြသည်။ စနေ၊ တနင်္ဂနွေပိတ်ရက်များ၌ ရုံဖန်ရုံခါဈေးကွက်မြှင့်တင်ရေးရောင်းချမှုများတွင် ကြက်သွန်နီဈေးနှုန်းများကို

တစ်ကီလိုဂရမ်လျှင် AED ၁ အထိလျှော့ချပေးပြီး စားသုံးသူများကိုဆွဲဆောင်နိုင်ရန်အတွက် အနိမ့်ဆုံးလျှော့ချမှုများရှိခဲ့သည်။

ယူအေအီးနိုင်ငံသို့ အိန္ဒိယမှ ယခုကြက်သွန်နီတန်ချိန် ၁၀,၀၀၀ တင်ပို့မှုသည် ပြီးခဲ့သည့်လက ကြက်သွန်နီတန်ချိန် ၁၄,၄၀၀ တင်ပို့မှု၏ နောက်ဆက်တွဲ ထပ်မံတင်ပို့မှုဖြစ်ပါသည်။ အစောပိုင်းက နယူးဒေလီမှ အချို့နိုင်ငံများသို့ ကြက်သွန်နီတန်ချိန်ပေါင်း ၇၉,၁၅၀ တန်တင်ပို့ရန် အတည်ပြုခဲ့ကြောင်း ဖော်ပြထားပါသည်။

ကမ္ဘာ့အကြီးဆုံး ကြက်သွန်နီတင်ပို့သည့် နိုင်ငံများအနက် အိန္ဒိယနိုင်ငံသည် ပြည်တွင်းဈေးကွက်ဝေစု များပြားလာခြင်းကြောင့် အဆိုပါကုန်စည်တင်ပို့မှုကို ပိတ်ပင်ထားခဲ့ခြင်းဖြစ်ပါသည်။ Al Maya Group ၏ အုပ်စုမိတ်ဖက်ညွှန်ကြားရေးမှူး Kamal Vachani က ဤအချက်သည် စားသုံးသူများအတွက် အလွန်ကောင်းမွန်သော တိုးတက်မှုတစ်ရပ်ဖြစ်ပြီး ကြက်သွန်နီဈေးနှုန်းများကို တည်ငြိမ်စေလိမ့်မည်ဖြစ်ကာ ယူအေအီးစားသုံးသူများအနေဖြင့် အိန္ဒိယကြက်သွန်နီကို သက်သက်သာသာဝယ်ယူနိုင်ပြီး အရည်အသွေးနှင့်အရသာများအတွက် ပိုမိုနှစ်သက်ကြကြောင်း ပြောကြားခဲ့သည်။

ယူအေအီးနှင့်အိန္ဒိယနိုင်ငံများသည် နှစ်နိုင်ငံအကြား ပြီးပြည့်စုံသောစီးပွားရေး မိတ်ဖက်သဘောတူညီချက်(CEPA)ကို လက်မှတ်ရေးထိုးအပြီးတွင် ကြက်သွန်နီတင်ပို့မှု တိုးတက်လာခြင်းဖြစ်သည်။ အဆိုပါသဘောတူညီချက်သည် ကုန်သွယ်ရေး တိုးမြှင့်ခြင်းနှင့် အရေးပါသော ကုန်ပစ္စည်းများအား ကုန်သွယ်ရာတွင် ဆောင်ရွက်ရလွယ်ကူချောမွေ့စေကြောင်း သတင်းဌာနမှ ဖော်ပြထားသည်။

Source: www.khaleejtimes.com

(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ ဒူဘိုင်းမြို့)

https://myantrade.gov.mm/article/STP(Yangon)-11042024-15:24

## အိန္ဒိယနိုင်ငံတွင် ပဲဈေးနှုန်းများတက်လာခြင်းကြောင့် စားတော်ပဲ၊ ပဲစင်းငုံနှင့် မတ်ပဲတို့၏ သိုလှောင်ထားရှိမှုလက်ကျန်စာရင်းကို ပုံမှန်ကြေညာရန် ကုန်သည်များအား တောင်းဆိုလာနိုင်

အိန္ဒိယနိုင်ငံ၏အချို့သောဈေးကွက်များတွင် ပဲဈေးနှုန်းများမြင့်တက်နေသည့်အတွက် စားတော်ပဲ၊ ပဲစင်းငုံနှင့်မတ်ပဲ သိုလှောင်ထားရှိမှု လက်ကျန်စာရင်းကို ကုန်သည်များနှင့်လက်လီရောင်းချသူများမှ မဖြစ်မနေတင်ပြရန် အစိုးရမှ စီစဉ်လျက်ရှိကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အနည်းငယ်အတွင်း အချို့သောဈေးကွက်များတွင် ပဲမျိုးစုံဈေးနှုန်းများမြင့်တက်ခဲ့ပြီး ပဲစင်းငုံဈေးသည် ယခင်လနှင့်နှိုင်းယှဉ်ပါက ဧပြီလအစတွင် ၁၀၀ ကီလိုဂရမ်လျှင် ရူပီး ၁၀၀ တက်လာခဲ့ကြောင်း၊ ပဲတီစိမ်းနှင့် ပဲနီလေးတို့၏ဈေးနှုန်းမှာလည်း အလားတူမြင့်တက်လာသည်ကို တွေ့ရကြောင်းနှင့် ပဲမျိုးစုံဈေးနှုန်းများမြင့်မားလာခြင်းသည် အစိုးရအတွက် စိုးရိမ်စရာအကြောင်းရင်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယအစိုးရက ၂၀၂၃-၂၀၂၄(ဇူလိုင်-ဇွန်)သီးနှံနှစ်တွင် ပဲစင်းငုံသည် တန်ချိန် ၃ ဒသမ ၃၃ သန်းထွက်ရှိမည်ဖြစ်ကြောင်းနှင့် ယခင်နှစ်ထက် အနည်းငယ်လျော့နည်းမည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ပြည်ပမှ တန်ချိန် ၀ ဒသမ ၇ သန်း တင်သွင်းခဲ့သော်လည်း စားသုံးသူရေးရာဦးစီးဌာန၏အဆိုအရ ပဲစင်းငုံလက်လီဈေးသည် တစ်ကီလိုလျှင် ရူပီး ၁၆၀ ကျော် ဖြစ်ပေါ်ခဲ့ကြောင်းနှင့် ပဲစင်းငုံလက်လီဈေးသည် ပဲမျိုးစုံတွင် အမြင့်ဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

ပဲမျိုးစုံလက်ကားဈေးအညွှန်းကိန်းသည် ဇန်နဝါရီလတွင် ၁၆ ဒသမ ၀၆ ရာခိုင်နှုန်းမှ ဖေဖော်ဝါရီလတွင် ၁၈ ဒသမ ၄၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းနှင့် ဧပြီလမှ မေလအတွင်း ကျင်းပရန်စီစဉ်ထားသည့် အထွေထွေရွေးကောက်ပွဲနှင့်အတူ အစိုးရသည် ပို့ကုန်ကန့်သတ်ချက်များချမှတ်ခြင်း၊ သိုလှောင်ထားရှိမှုပမာဏအား ကန့်သတ်ခြင်း၊ အရန်ကုန်စည်များအား ချရောင်းခြင်းနှင့် သွင်းကုန်ခွန်များဖယ်ရှားခြင်းစသည်ဖြင့် စားသောက်ကုန်ဈေးနှုန်းများမြင့်တက်မှုကို တားဆီးနိုင်ရန် ကြိုးပမ်းမှုများစွာပြုလုပ်ခဲ့သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလအစောပိုင်းတွင် ဗဟိုအစိုးရသည် စားတော်ပဲကို ၂၀၂၄ ခုနှစ် မတ်လအထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုခဲ့ကြောင်းနှင့် လွန်ခဲ့သည့်လအနည်းငယ်အတွင်း စားနပ်ရိက္ခာဖောင်းပွမှုကို ထိန်းထားနိုင်ရန်နှင့် ပဲဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ဧပြီလအထိ သက်တမ်းတိုးခဲ့ကြောင်း၊ စားတော်ပဲများ များစွာ

တင်သွင်းနေသော်လည်း ဈေးကွက်နှင့် စားသုံးသူများ လက်လှမ်းမမီဖြစ်နေသဖြင့် သိုလှောင်ထားရှိမှု လက်ကျန်အားမဖြစ်မနေ ထုတ်ဖော်ခြင်းကဲ့သို့သောအဆင့်များသည် ဈေးကစားရန်အတွက် ကုန်သိုလှောင်မှုအား တားဆီးနိုင်လိမ့်မည်ဟု အကြီးတန်း အရာရှိတစ်ဦးက ပြောကြားထားသည်။ အိန္ဒိယသည် ယခုဘဏ္ဍာရေးနှစ်တွင် မတ်လ ၃၁ ရက်မတိုင်မီ စားတော်ပဲတန်ချိန် တစ်သန်းခန့်တင်သွင်းခဲ့ပြီး ယခုကာလများအတွင်း အမြင့်ဆုံးဖြစ်နိုင်သည်ဟု အစိုးရ၏ခန့်မှန်းချက်များအရ သိရသည်။ အိန္ဒိယသည် စားတော်ပဲကို ကနေဒါနှင့်ရုရှားနိုင်ငံတို့မှ အဓိကတင်သွင်းလျက်ရှိသည်။

၂၀၂၂-၂၀၂၃ သီးနှံချိန်တွင် ပဲမျိုးစုံထွက်ရှိမှုမှာ တန်ချိန် ၂၆ ဒသမ ၀၅ သန်းနှင့် စားသုံးမှုမှာ နှစ်စဉ်တန်ချိန် ၂၈ သန်း ဝန်းကျင်ခန့်ရှိပြီး အိန္ဒိယလူမျိုးများ၏ ဝယ်ယူမှုစွမ်းအားတိုးလာသည်နှင့်အမျှ ပဲမျိုးစုံစားသုံးမှုအတွက် လိုအပ်ချက်မှာလည်း တဖြည်းဖြည်းကြီးထွားလျက်ရှိပါသည်။


သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံသည် ရွေးကောက်ပွဲကာလအတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ပဲစဉ်းငုံ၊ မတ်ပဲနှင့်စားတော်ပဲတို့၏ သိုလှောင်ထားရှိမှုအခြေအနေများကို မဖြစ်မနေ ကြေညာရမည်ဟု သတင်းများထွက်ပေါ်နေမှုအခြေအနေအား သိရှိနိုင်ရေး တင်ပြလိုက်ရပါသည်။

**Source: Rising prices: Traders may be asked to declare stocks of yellow peas, tur and urad dal regularly, The Economic Times, 05 April 2024.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Yangon)-11042024-14:47

## STOCK EXCHANGE (11.4.2024)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data


As of 12th Apr. 2024

Total Trading (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 2,055 (Shares) | 4,628,550 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 110 | 968,000 | 33,109,694 | 291,365 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,850 | 2,900 | 2,850 | 104 | 301,400 | 38,929,150 | 112,895 |
| MCB | 00003 | 8,000 | +100 | +1.27% | 8,000 | 8,000 | 8,000 | 1 | 8,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,450 | 161 | 241,050 | 29,664,613 | 44,497 |
| TMH | 00005 | 2,700 | +100 | +3.85% | 2,700 | 2,700 | 2,700 | 2 | 5,400 | 12,823,224 | 34,623 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 1,486 | 2,481,350 | 19,977,223 | 32,962 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,600 | 92 | 424,300 | 10,497,598 | 49,339 |
| MAEX | 00008 | 2,000 | +0 | +0.00% | 2,050 | 2,050 | 2,000 | 99 | 199,050 | 23,804,946 | 47,610 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

Market summary

As of 12th Apr. 2024

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 369.26 | +1.73 | +0.47% | 368.16 | 369.26 | 368.05 | 2,055 | 4,628,550 | 8 | 696,499 |

Index chart

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 12th Apr. 2024

| Trading Volume | Trading Value |
|---|---|
| 2,055 (Shares) | 4,628,550 (MMK) |

### Main Board

As of 1:00 pm, 12th Apr. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,055 (Shares) | 4,628,550 (MMK) |

| MYANPIX | 369.26 ▲ 1.73 |
|---|---|
| Total Volume (shares) | 2,055 |
| Total Value (MMK) | 5 mil |
| Listed Company | 8 |
| Market Cap. (MMK) | 696,499 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 100 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 100 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 2,000 | ▲ 0 |

TIR